# ကျွန်ုပ်တို့အား သူပရောဖက်များကို ပေးခဲ့သည်

သင်ခန်းစာ တစ်

အနက်ဖွင့်ခြင်းဆိုင်ရာ အခြေခံရှုထောင့်များ

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာမှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဉသုံ ခေတ်မှီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ

နိဒါန်း.... 1

ကျွန်ုပ်တို့၏ရှုပ်ထွေးမှု .... 2

**ရှုပ်ထွေးမှု၏အရင်းအမြစ်များ....2**

ပရောဖက်ကျမ်းများ ....2

အသင်းတော် ....3

**ရှုပ်ထွေးမှု၏ရလဒ်များ....3**

မတရားဖိနှိပ်ခြင်း ....4

လျစ်လျူရှုခြင်း....4

ပရောဖက်၏ အတွေ့အကြုံ .... 6

**စိတ်ပိုင်းဆိုင်ရာအခြေအနေ ....6**

**မှုတ်သွင်းခြင်း....7**

စက်ရုပ်ကဲ့သို့ မှုတ်သွင်းခြင်း ....7

သဘာဝ မှုတ်သွင်းခြင်း....7

**သဘောပေါက်နားလည်ခြင်း ....8**

မူလအဓိပ္ပါယ် .... 9

**ထင်ရှားသောအနက်ဖွင့်ဆိုခြင်း .... 10**

အနုစိတ်နည်းပညာ.... 10

သမိုင်းဆိုင်ရာ .... 10

**သင့်လျော်သောအနက်ဖွင့်ဆိုခြင်း.... 11**

စာပေဆိုင်ရာအကြောင်းအရာ....12

သမိုင်းဆိုင်ရာ အကြောင်းအရာ ....12

ခေတ်သစ် ရှုထောင့်များ .... 13

**အခွင့်အာဏာ .... 13**

ပရောဖက်ကျမ်းများ ....14

ပရောဖက်ပြုချက်၏ရည်ရွယ်ချက်များ....14

**ကျင့်သုံးခြင်း .... 16**

ပရောဖက်ပြုချက်ဆိုင်ရာ မျှော်လင့်ချက်များ ....16

ပရောဖက်ပြုချက်ပြည့်စုံမှုများ ....17

နိဂုံး.... 18



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဒ္ဒါမစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

တစ်ခါက "ရစ်ချတ်၊ ခင်ဗျားအသင်းတော်ကြီးတစ်ခုလိုချင်လျှင်၊ လုပ်ဆောင်ရမည့်အရာမှာ ကျမ်းစာပရောဖက်ပြုခြင်းညီလာခံကိုကျင်းပပြီး ယေရှုသည်မကြာမီပြန်လည်ကြွဆင်းလာမည် ဖြစ်ကြောင်း လူတိုင်းကိုပြောပါ"ဟုကျွန်ုပ်ကိုပြောခဲ့ဖူးသည့် မိတ်ဆွေတစ်ယောက်ရှိသည်။ ခရစ်ယာန် စာပေများနှင့် ခရစ်ယာန်ရုပ်မြင်သံကြားများကို ကြည့်သောအခါ သူမှန်သည်ဟု ကျွန်ုပ်ယုံကြည်သည်။ ရှေးပရောဖက်များက ယေရှုသည်မကြာမီပြန်လည်ကြွဆင်းလာမည်ဟု ဟောပြောခြင်းကို သူတို့ ယုံကြည်ကြသောကြောင့်၊ လူများစွာသည် ပရောဖက်ပြုချက်နှင့်ပတ်သက်ပြီး စိတ်လှုပ်ရှားနေကြပါ သည်။

ခရစ်ယာန်အများစုသည် ဓမ္မဟောင်းပရောဖက်ပြုချက်ကို အနည်းငယ်သာဂရုစိုက်ကြသော် လည်း၊ သူတို့စဉ်းစားတွေးခေါ်ကြသောအခါ ခရစ်တော်၏ဒုတိယကြွလာခြင်းနှင့် လောက၏အဆုံးသတ် ဖြစ်ရပ်များကဲ့သို့သောအရာများထံ ချက်ချင်းရောက်သွားကြသည်။ မတူညီသောဂိုဏ်းဂဏများမှ ခရစ်ယာန်ခေါင်းဆောင်များသည် ပရောဖက်ပြုချက်များ၏စာမျက်နှာတိုင်းတွင် ဤအကြောင်းအရာများ ကို ရှာဖွေရန်လူတို့ကို တိုက်တွန်းအားပေးကြသည် ။ ကျွန်ုပ်တို့၏စိတ်သည် အချိန်တိုင်းနီးပါး ဤအကြောင်းအရာများထံရောက်နေသော်လည်း၊ ဤသင်ခန်းစာများတွင် ပရောဖက်များကိုယ်တိုင် အသုံးပြုခဲ့သော ဓမ္မဟောင်းပရောဖက်ပြုချက်ဆိုင်ရာချဉ်းကပ်နည်းကို ပို၍အလေးထားလေ့လာပါမည်။ ကျွန်ုပ်တို့လုပ်ဆောင်သကဲ့သို့ပင်၊ ပရောဖက်များတွင် ကျွန်ုပ်တို့ထင်ထားသည်ထက်ပို၍ပင် ပြောစရာ များစွာရှိသည်ကို တွေ့ရပါလိမ့်မည်။

ဤသင်ခန်းစာကို "အနက်ဖွင့်ခြင်းဆိုင်ရာ အခြေခံရှုထောင့်များ"ဟူ၍ခေါင်းစဉ်တပ်ထားပါသည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် ကျမ်းစာပရောဖက်ပြုချက်ကို ကောင်းမွန်စွာကိုင်တွယ်ဖြေရှင်းမည် ဆိုပါက၊ ကျွန်ုပ်တို့အားလုံး သဘောပေါက်ရမည့် အနက်ဖွင့်ခြင်းဆိုင်ရာသို့မဟုတ် အနက်ပြန်ခြင်းဆိုင်ရာ သုံးသပ်ချက်များကို ခွဲခြားသိမြင်မည်ဖြစ်သည်။ ဤအဖွင့်သင်ခန်းစာတွင် အစိတ်အပိုင်းလေးပိုင်းခွဲပါ မည်။ ဓမ္မဟောင်းပရောဖက်ပြုချက်နှင့်ပတ်သက်ပြီး ရှုပ်ထွေးနေသည့် အကြောင်းအရာ၊ ထို့နောက် ဤရှုပ်ထွေးမှုကို ကျော်လွှားနိုင်စေရန် ကူညီပေးမည့်အကြောင်းအရာသုံးခုဖြစ်သော— ပရောဖက်၏ အတွေ့အကြုံ၏သဘောသဘာဝ၊ မူလအဓိပ္ပာယ်ကို ရှာတွေ့ခြင်း၏အရေးကြီးမှုနှင့် နောက်ဆုံးတွင်၊ ဓမ္မဟောင်းပရောဖက်ပြုချက်နှင့်ပတ်သက်သည့် ဓမ္မသစ်ကျမ်း၏ ရှုထောင့်များကို ကြည့်ရှုပါမည်။ ကျွန်ုပ်တို့၏ရှုပ်ထွေးမှုကို ဦးစွာကြည့်ကြပါစို့။


ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ကျွန်ုပ်တို့၏ရှုပ်ထွေးမှု

ခရစ်ယာန်အများစုသည် သမ္မာကျမ်းစာအပိုင်းအချို့ကို အခြားကျမ်းပိုဒ်များထက် ပို၍ သိရှိထားပုံကို သင်သတိပြုဖူးပါသလော။ ဓမ္မဟောင်းကျမ်းတွင်၊ Pentateuch ဇာတ်လမ်းများသည် အလွန်အကျွမ်းတဝင်ရှိသည်။ လှုံ့ဆော်ခြင်းခံသမ္မာကျမ်းစာဖတ်ရှုသူများသည် ယောရှုနှင့် တရားသူကြီး မှတ်စာကိုသိကြပြီး၊ ယုံကြည်သူအနည်းငယ်သည် ရာဇဝင်ကျမ်းများနှင့် ရာဇဝင်ချုပ်ကျမ်းများ အကြောင်းကို များစွာနားလည်ကြသည်။ တစ်စုံတစ်ဦးက "ဟေရှာယကျမ်းသည် မည်သည့်အကြောင်း အရာနည်း" သို့မဟုတ် "ဇေဖနိကျမ်း၏အကြောင်းအရာသည်အဘယ်နည်း" "ဟဂ္ဂဲသည်စိတ်အားတက် ဖွယ်ကျမ်းမဟုတ်လော" ဟုမေးသည်နှင့်တစ်ပြိုင်နက်၊ ဤကျမ်းများနှင့်ပတ်သက်၍ ကျွန်ုပ်တို့သိပ်မသိ သောကြောင့် အံ့သြမင်သက်ကြပါသည်။ သင်းအုပ်ဆရာများနှင့် အခြားခရစ်ယာန်ဆရာများပင် ဓမ္မဟောင်းပရောဖက်များနှင့်ပတ်သက်၍ အသေးစိတ်ရှင်းပြချက်များကို ရှောင်ကြဉ်တတ်ကြသည်။ အကြောင်းမှာ သူတို့သည်သမ္မာကျမ်းစာ၏ဤအပိုင်းနှင့်ပတ်သက်ပြီး အလွန်ရှုပ်ထွေးနေကြသောကြောင့် ဖြစ်သည်။

ဤဓမ္မဟောင်းပရောဖက်ပြုချက်ကို စတင်လေ့လာသည့်အခါ၊ ကျွန်ုပ်တို့၏ရှုပ်ထွေးမှုကိုကြည့် ကာ အစပြုဖို့ရန်အရေးကြီးပါသည်။ အခြေခံမေးခွန်းနှစ်ခုကိုမေးပါမည်။ ကျွန်ုပ်တို့၏ရှုပ်ထွေးမှု၏ အရင်းအမြစ်များသည်အဘယ်နည်း၊ ဤရှုပ်ထွေးမှု၏ရလဒ်အချို့သည် အဘယ်နည်း။ ဓမ္မဟောင်း ပရောဖက်ပြုချက်နှင့်ပတ်သက်၍ ကျွန်ုပ်တို့အများစုခံစားရသည့် ရှုပ်ထွေးမှု၏အရင်းအမြစ်များကို ကြည့်ရှုခြင်းဖြင့် စတင်ကြပါစို့။

# ရှုပ်ထွေးမှု၏အရင်းအမြစ်များ

ဤကျမ်းစာအပိုင်းနှင့်ပတ်သက်၍ ခရစ်ယာန်များစွာတွင် အနည်းဆုံးပြဿနာအချက်နှစ်ချက် ရှိသည်ကိုတွေ့ရသည်။ ဦးဆုံး၊ ပရောဖက်ကျမ်းများကိုယ်တိုင်နှင့် ဒုတိယ၊ အသင်းတော်တွင် သဘောထားကွဲလွဲခြင်းဖြစ်သည်။

## ပရောဖက်ကျမ်းများ

အမှန်တကယ်တွင်၊ ကျမ်းစာတွင်ပါသည့် ပရောဖက်ကျမ်းများသည် သမ္မာကျမ်းစာ၏အခက်ခဲ ဆုံး အစိတ်အပိုင်းများ ဖြစ်နိုင်ပါသည်။ ခရစ်ယာန်အများစုသည် ပရောဖက်အချို့၏အမည်များကို အသံထွက်ဆိုရန်ပင်အခက်တွေ့နေကြပြီး၊ သူတို့ပြောဆိုခဲ့သည့်အရာများကို နားမလည်နိုင်ကြချေ။ သူတို့ ကျမ်းများ၏အကြောင်းအရာများကြောင့် ကျွန်ုပ်တို့သည်မကြာခဏရှုပ်ထွေးကြသည်။ အကြောင်းအရာ များသည် အဆက်အစပ်ရှိပုံမရ။ အခန်းငယ်တစ်ခုသည် အခြားအခန်းငယ်တစ်ခုကို ဦးတည်ရည်ရွယ်ပုံ မရပါ။ ပရောဖက်များသည် လျှို့ဝှက်ချက်များနှင့် ပဟေဠိစကားများပြောနေပုံရသည်၊ တစ်ခါတစ်ရံ သူတို့၏စကားများသည် ကျွန်ုပ်တို့အတွက်လုံးဝယုတ္တိမရှိပါ။

ဤမျှဖြင့်မလုံလောက်သေးပါက၊ ဤကျမ်းစာခေတ်၏ သမိုင်းဆိုင်ရာဖြစ်ရပ်များအကြောင်း ကျွန်ုပ်တို့သိပ်မသိပါ။ ဘုရင်များ၊ လူမျိုးများ၊ စစ်ပွဲများနှင့်အခြားဖြစ်ရပ်များသည် အလွန်ရှုပ်ထွေးလွန်းသောကြောင့် ကျွန်ုပ်တို့၏နားလည်ထားမှုများကို ဆက်ထိန်းထားဖို့ရန် အခက်တွေ့နေပါသည်။ ခရစ်ယာန်အများစုသည် ဓမ္မဟောင်းပရောဖက်ကျမ်းများကို ဖတ်ရှုကြသောအခါ၊ သူတို့သည်အလွန်ထူးဆန်းပြီးတိုင်းတစ်ပါးသို့ ဝင်လာသည့်အလား ခံစားကြသည်။ လမ်းအမှတ်လက္ခဏာများသည် ယုတ္တိမရှိပါ။ ဓလေ့ထုံးစံများသည် ထူးဆန်းသည်။ ပရောဖက်ကျမ်းများ ကိုယ်တိုင်ဖော်ပြသည့် အခက်အခဲများကြောင့် ကျွန်ုပ်တို့စိတ်အနှောင့်အယှက်ဖြစ်ကြသည်။

## အသင်းတော်

ကျွန်ုပ်တို့၏ရှုပ်ထွေးမှု၏ ဒုတိယအဓိကအရင်းအမြစ်တစ်ခုရှိပါသည်_အသင်းတော်ဖြစ်သည်။ ခရစ်ယာန်အသင်းတော်သည် ကဏ္ဍများစွာတွင် သွန်သင်ခြင်း၌အလွန်ညီညွတ်မှုရှိသည်။ သို့သော် ဓမ္မဟောင်းပရောဖက်ပြုချက်ကို အနက်ပြန်ဆိုခြင်းနှင့်ပတ်သက်လာလျှင်၊ ညီညွတ်မှုလုံးဝမရှိသလို သဘောထားကွဲလွဲမှုသာရှိပါသည်။ ဆွေးနွေးငြင်းခုံမှုများကို ကြားဖူးသည်—သင်သည်မည်သို့သောသူဖြစ်သနည်း။ အနှစ်တစ်ထောင်ကာလမတိုင်မီချီဆောင်ခြင်းဝါဒီတစ်ဦးလော။ ဘေးဒဏ်ကြီးကာလမတိုင်မီချီဆောင်ခြင်း သို့မဟုတ် ဘေးဒဏ်ကြီးကာလအလယ်တွင်ချီဆောင်ခြင်း သို့မဟုတ် ဘေးဒဏ်ကြီးကာလအလွန်ချီဆောင်ခြင်းကို သင်ယုံကြည်သလော။ အနှစ်တစ်ထောင်အလွန် သို့မဟုတ် သမိုင်းဆိုင်ရာနှစ်တစ်ထောင်မတိုင်မီဝါဒီ ဖြစ်သလော။ သင်သည်အဆိုးမြင်သူ သို့မဟုတ် အကောင်းမြင်သည့် အနှစ်တစ်ထောင်မဲ့ဝါဒီတစ်ဦးလော။ ကျွန်ုပ်တို့သည် ဂိုဏ်းဂဏတစ်ခုထံသွားလျှင်၊ အခြားဂိုဏ်းဂဏများ မှားယွင်းကြောင်းပြောသည်ကို ကြားရမည်ဖြစ်သည်။ ထို့နောက် အခြားဂိုဏ်းဂဏတစ်ခုထံသွားလျှင်၊ ဆန့်ကျင်ဘက်ကိုကြားရမည်ဖြစ်သည်။ ယုံကြည်သူများသည် ယုံကြည်ခြင်း၏အခြေခံလိုအပ်ချက်များကို သဘောတူကြသော်လည်း၊ ပရောဖက်ပြုချက်နှင့်ပတ်သက်လာလျှင် သဘောတူညီမှုမရှိသလောက်ပင်ဖြစ်သည်။ အသင်းတော်သည် ပရောဖက်များနှင့်ပတ်သက်၍ အနက်ပြန်ခြင်းတွင် အလွန်ကွဲပြားနေသောကြောင့်၊ ဤကျမ်းပိုဒ်များကိုယုံကြည် စိတ်ချမှုအပြည့်အဝဖြင့် လေ့လာရန်ကျွန်ုပ်တို့အတွက် ခက်ခဲစေသည်။

# ရှုပ်ထွေးမှု၏ရလဒ်များ

ကျွန်ုပ်တို့ခံစားရသည့် ဤနက်ရှိုင်းသည့်ရှုပ်ထွေးမှုက ဝမ်းနည်းစရာကောင်းသည့် ရလဒ်အချို့ကိုဖြစ်ပေါ်စေသည်။ သမ္မာကျမ်းစာ၏ဤအပိုင်းနှင့်ပတ်သက်သောရှုပ်ထွေးမှုများမှ အနည်းဆုံးအဓိကရလဒ်နှစ်ခုကို စဉ်းစားကြည့်နိုင်သည်_မတရားဖိနှိပ်ခြင်း နှင့် လျစ်လျူရှုခြင်း။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## မတရားဖိနှိပ်ခြင်း

မတရားဖိနှိပ်ခြင်းသည် ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင် ဖြစ်ပေါ်နေသည်။ “ပရောဖက်ပြုချက်ဆိုင်ရာ ကျွမ်းကျင်သူများ” ဟုဆိုသူများကြား သဘောထားကွဲလွဲမှုများနှင့် ရှုပ်ထွေးမှုများသည် ရှုပ်ထွေးမှုများကို ဖြစ်ပေါ်စေပါသည်။ သူတို့သည် မိမိတို့၏ထင်မြင်ယူဆချက်များကို လုံးဝသေချာသည့်အလား သွန်သင်ပေးခြင်းဖြင့် ထိုသို့ပြုမူကြသည်။

ဤကဲ့သို့သော မတရားဖိနှိပ်ခြင်းနှင့်ပတ်သက်သည့် ဥပမာများစွာကျွန်ုပ်စိတ်ထဲ ရောက်လာသည်။ မကြာသေးမီဆယ်စုနှစ်များတွင်၊ မရေမတွက်နိုင်သော စာအုပ်များနှင့် ဆရာများက ၁၉၄၈ ခုနှစ်တွင် အစ္စရေးနိုင်ငံတည်ထောင်ခြင်းသည် ခရစ်တော်မကြွလာမီ နောက်ဆုံးမျိုးဆက်ကို အမှတ်အသားပြုခြင်းဖြစ်သည်ဟု ဆိုကြသည်။ ခရစ်တော်သည် ၁၉၄၈ ခုနှစ်နောက်ပိုင်း အနှစ်လေးဆယ်အတွင်း ပြန်လည်ကြွဆင်းလာမည်ဟု ကျယ်ပြန့်စွာသွန်သင်လေ့ရှိသည်– "သမ္မာကျမ်းစာပြောသော အနှစ်လေးဆယ်၊ ကာလရေလမျိုးဆက်တစ်ဆက်တည်းသာ ပြည်တော်ပြန်ပြီးနောက် ခရစ်တော်သည် မိမိ၏အသင်းတော်အတွက် ပြန်လာလိမ့်မည်။"

အနှစ်လေးဆယ်ကြာပြီးနောက် မည်သည့်အရာမှ မဖြစ်ခဲ့ပါ။ ၁၉၈၈ ခုနှစ်ကုန်ဆုံးခြင်းသည် ထင်မြင်ယူဆချက်များကို ရပ်တန့်နိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ထားသော်လည်း ထိုသို့မဖြစ်သေးပါ။ နှစ်များကုန်လွန်လာသည်နှင့်အမျှ ပရောဖက်ပြုချက်ဆိုင်ရာ ကျွမ်းကျင်သူများသည် သူတို့၏အာရုံကို အခြားတစ်နေရာတွင် အာရုံစိုက်ခဲ့ကြသည်။ ယခုမှာ ၂၀၀၀ ခုနှစ်သည် ကျွန်ုပ်တို့အား နောက်ဆုံးသောကာလသို့ ပို့ဆောင်ပေးသည်ဟု သူတို့ဆိုကြသည်။ မျှော်လင့်ချက်များထပ်မံ၍ ပြင်းထန်လာပြန်သည်။ မဂ္ဂဇင်းများနှင့် သတင်းစာများပင်လျှင် ကမ္ဘာပျက်ခြင်းသည် အနီးနားတွင်သာရှိသည်ဟု ကျွန်ုပ်တို့ကို ဖော်ပြသည်။ နိမိတ်လက္ခဏာအားလုံးသည် အဆုံးကို ညွှန်ပြနေပါသည်။ လက်ရှိဖြစ်ရပ်များ၊ စစ်ပွဲများ၊ မြေငလျင်များ၊ စီးပွားရေးပြဿနာများသည် ခရစ်တော်ပြန်ကြွလာခြင်းနှင့်ပတ်သက်သော ဓမ္မဟောင်းပရောဖက်ပြုချက်များ ပြည့်စုံတော့မည်ဖြစ်ကြောင်း ကျွန်ုပ်တို့အားဖော်ပြသည်။ အမှန်ပင်၊ ဤပရောဖက်ပြုချက်ညီလာခံများစွာ၏ လက်တွေ့ကျင့်သုံးမှုမှာ _ "ကျွန်ုပ်၏စာအုပ်များကို ဝယ်ပါ။" "ဓမ္မအမှုတော်မှာ ငွေကြေးအားဖြင့်ပါဝင်ပါ" စသည့်အရာတို့ဖြစ်သည်။ ဝမ်းနည်းစရာမှာ၊ ခရစ်ယာန်များသည် "ကျွမ်းကျင်သူများ" ဟုခေါ်သော ဤသူတို့၏သားကောင်အလွယ်တကူဖြစ်ကြသည်။ ပရောဖက်များကိုမည်ကဲ့သို့ နားလည်ရမည်ကို မသိသောကြောင့်၊ ထောင်နှင့်ချီသောကျွန်ုပ်တို့သည် အနက်တစ်ခုမှ အခြားတစ်ခုသို့ကူးပြောင်းကြသည်။

## လျစ်လျူရှုခြင်း

မတရားဖိနှိပ်ခြင်းသည် ဓမ္မဟောင်းပရောဖက်ပြုချက်နှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ရှုပ်ထွေးမှု၏ ရလဒ်တစ်ခုမျှသာဖြစ်သည်။ ကျွန်ုပ်တို့တွေ့မြင်နိုင်သည့် အခြားရလဒ်တစ်ခုလည်း ရှိသေးသည်။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာ၏ဤအပိုင်းအပေါ်နားလည်မှုနှင့်ပတ်သက်ပြီး အကြိမ်ကြိမ်လျစ်လျူရှုလာကြသည်။ ခရစ်ယာန်များစွာသည် ပရောဖက်ပြုချက်ကိုချဉ်းကပ်ရာတွင် အဆင့်များစွာကိုဖြတ်သန်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နေပုံရသည်။ အစပိုင်းတွင်၊ သူတို့သည် စိတ်အားထက်သန်မှုများစွာဖြင့် အစပြုခဲ့ကြသည်။ သူတို့သည် ပရောဖက်များအကြောင်း တစ်စုံတစ်ဦးသွန်သင်သည်ကိုကြားရပြီး၊ ညီလာခံများသို့သွားခြင်း၊ စာအုပ်များဖတ်ခြင်းတို့တွင် စိတ်လှုပ်ရှားမှုများစွာကို တွေ့ရှိကြသည်။ သို့သော် အခြားတစ်ချက်မှာ ဤယုံကြည်သူများသည် အကြပ်အတည်းတွင်ရောက်နေကြသည်၊ အကြောင်းမှာ သူတို့၏ဆရာများသည် အမှန်မဟုတ်သောအရာများကို သူတို့အား ပြောပြသောကြောင့်ဖြစ်သည်။ များစွာသောကိစ္စရပ်များတွင်၊ ဤခရစ်ယာန်များသည် ကြီးစွာသောလျစ်လျူရှုခြင်းကို ခံကြရသည်။ သူတို့သည် သမ္မာကျမ်းစာ၏ ဤအပိုင်းကိုနားလည်ရန် ကြိုးစားရာတွင် လက်လျှော့လိုက်ကြသည်။

အထက်တန်းကျောင်းတက်စဉ်တွင် ထိုကဲ့သို့ဖြစ်ခဲ့ဖူးသည်။ ကျွန်ုပ်သည် ခရစ်ယာန်အသစ်စက်စက်တစ်ဦးဖြစ်ပြီး ကျွန်ုပ်၏ဆရာများအားလုံးသည် "ရစ်ချုတ်၊ ယေရှုသည်မကြာမီ ပြန်လာမည်" ဟုကျွန်ုပ်အားပြောခဲ့ကြသည်။ ထို့ကြောင့်၊ ကောလိပ်တက်ဖို့ စိတ်ကူးကိုပင် ကျွန်ုပ်စွန့်လွှတ်ခဲ့သည်။ ဝမ်းသာစရာမှာ၊ ထိုအရာသည် မှားယွင်းနေသည်ကို အလျင်အမြန်သိလိုက်ရပြီး၊ ကျွန်ုပ်ဘဝကိုကိုယ်တိုင်အသက်ရှင်ဖြတ်သန်းခဲ့သည်။ သို့သော် ဓမ္မဟောင်းပရောဖက်ပြုချက်နှင့်ပတ်သက်၍ ကျွန်ုပ်သည် အလွန်လျစ်လျူရှုခဲ့သည်။ "သမ္မာကျမ်းစာ၏ဤအပိုင်းကို ကျွန်ုပ်နားမလည်နိုင်။ နားလည်နိုင်သည့် အခြားအစိတ်အပိုင်းများကိုသာ ကိုင်တွယ်ဖြေရှင်းမည်။"ဟုကျွန်ုပ်သည်ကိုယ့်ကိုကိုယ် တွေးခဲ့သည်။ သင့်အားပြောစရာရှိသည်၊ ကျွန်ုပ်သွားသည့်နေရာတိုင်း၊ ဓမ္မဟောင်းပရောဖက်ပြုချက်နှင့်ပတ်သက်၍ လျစ်လျူရှုနေကြသော ခရစ်ယာန်များကို တွေ့မြင်ရသည်။

ယနေ့ ယုံကြည်သူများသည် ဓမ္မဟောင်းပရောဖက်ပြုချက်နှင့်ပတ်သက်ပြီး လျစ်လျူရှုကြသည်ကို ကျွန်ုပ်စိုးရိမ်မိပါသည်။ သူတို့သည် သမ္မာကျမ်းစာ၏ဤအပိုင်းကို နားလည်ရန် ကြိုးစားခြင်းကို စွန့်လွှတ်ကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် စိတ်ပျက်ခြင်းနှင့် သားကောင်ဖြစ်နေခြင်းကို ငြီးငွေ့သောကြောင့်ဖြစ်သည်။ “ပရောဖက်ပြုချက်အတွက် မစိုးရိမ်ပါနှင့်။ မည်သည့်အခါမှ သင်နားလည်မည်မဟုတ်"ဟု များစွာသောသင်းအုပ်ဆရာများ၏ပြောစကားကို ကျွန်ုပ်ကြားခဲ့ရသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် သမ္မာကျမ်းစာ၏ ဤအပိုင်းကို မေ့လျော့ကြသည်။

ယခု၊ ဤအခြေအနေကိုပြောင်းဖို့အချိန်တန်ပြီဖြစ်သည်။ ကျွန်ုပ်တို့သည် “အယူဝါဒ၏လေတိုက်ခြင်း” ၏သားကောင်မဖြစ်စေရန် ဓမ္မဟောင်းပရောဖက်ပြုချက်အကြောင်း လေ့လာရန်လိုအပ်သည်။ လျစ်လျူရှုခြင်းကိုရှောင်ရှားနိုင်ဖို့ရာ ပရောဖက်ပြုချက်အကြောင်းလည်းလေ့လာရမည်ဖြစ်သည်။ သမ္မာကျမ်းစာတွင် ကျွန်ုပ်တို့လျစ်လျူရှုရမည့် ပရောဖက်ပြုချက်များ ဘုရားသခင်မပေးခဲ့ပါ။ ကျွန်ုပ်တို့အား မရေမတွက်နိုင်သော နည်းလမ်းများဖြင့် အကျိုးခံစားနိုင်စေရန်အတွက် သမ္မာကျမ်းစာ၏ ဤအပိုင်းကို ကိုယ်တော်ပေးခဲ့ပြီး၊ ပရောဖက်ပြုချက်နှင့်ပတ်သက်၍ မသိနားမလည်ခြင်း သို့မဟုတ် စိတ်ရှုပ်ထွေးနေခြင်းမျိုး ကျွန်ုပ်တို့ မရှိသင့်ပါ။

ဓမ္မဟောင်းပရောဖက်ပြုချက်များနှင့်အတူ ဤပြဿနာများကို ကျွန်ုပ်တို့အားလုံး အသိအမှတ်ပြုကြသည်ဟု ကျွန်ုပ်ထင်ပါသည်၊ သို့သော် ယခုနောက်ထပ်မေးခွန်းမေးရမည်ဖြစ်သည်။ ဓမ္မဟောင်းပရောဖက်ပြုချက်များနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏သိရှိနားလည်မှုတိုးပွားစေရန်၊ ဤပြဿနာများကို ရှောင်ရှားနိုင်ရန်၊ မည်သည့်အရာမျိုးကို ကျွန်ုပ်တို့နားလည်ဖို့လိုသနည်း။ မတရားဖိနှိပ်ခြင်းနှင့် လျစ်လျူရှု



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ခြင်းကို ရှောင်ရှားနိုင်ဖို့ရာအနည်းဆုံး အဓိကအကြောင်းအရာသုံးခုရှိပါသည်။ ပရောဖက်၏အတွေ့အကြုံ၏သဘောသဘာဝကို ကျွန်ုပ်တို့လေ့လာရန်လိုအပ်ပြီး ပရောဖက်ပြုချက်များ၏မူလအဓိပ္ပာယ်၏အရေးပါမှုကိုလည်း ထပ်လောင်းအတည်ပြုရမည်ဖြစ်ပါသည်။ ဓမ္မသစ်ကျမ်းသည် ဓမ္မဟောင်းပရောဖက်ပြုချက်များကို မည်သို့ကိုင်တွယ်ခဲ့သည်ကို ကျွန်ုပ်တို့ပိုမိုကောင်းမွန်စွာနားလည်ရန် လိုအပ်သည်။ ဤအကြောင်းအရာသုံးရပ်သည် အလွန်အရေးကြီးသောကြောင့် ဤသင်ခန်းစာများ တစ်လျှောက် ၎င်းတို့ကို ကိုင်တွယ်ဖြေရှင်းပါမည်။ ဤအချိန်တွင်၊ ကျွန်ုပ်တို့သည် ပဏာမအတွေးအခေါ်အချို့ကို တင်ပြပါမည်။

# ပရောဖက်၏ အတွေ့အကြုံ

ဓမ္မဟောင်းပရောဖက်တစ်ဦး၏ အတွေ့အကြုံကို ဦးစွာကြည့်ကြပါစို့။ ဓမ္မဟောင်းပရောဖက်ပြုချက်ကို ပို၍တာဝန်သိစွာဖြင့် ကိုင်တွယ်ရန် ကျွန်ုပ်တို့မျှော်လင့်ထားပါက ပရောဖက်များ၏အတွေ့အကြုံကို ဂရုတစိုက်ကြည့်ရှုရမည်ဖြစ်သည်။ ဘုရားသခင်ဆီမှလာသော ဤတမန်များတွင် မည်သည့်အရာဖြစ်ခဲ့ကြသနည်း။ ဘုရားသခင့်နှုတ်ကပတ်တော်ကို ကြေညာကြစဉ် သူတို့မည်သည့်အတွေ့အကြုံရှိခဲ့ကြသနည်း။ ကျွန်ုပ်သည် ပရောဖက်များအကြောင်းကို ဖတ်ရှုနားထောင်ခဲ့ပြီးနောက်၊ အနည်းဆုံး ၎င်းတို့၏ အတွေ့အကြုံများနှင့် ပတ်သက်၍ အထင်အမြင်လွဲမှားမှု သုံးခုထက်မနည်းရှိသည်ကို တွေ့ရသည်။ ခရစ်ယာန်များစွာသည် ပရောဖက်များ၏စိတ်ပိုင်းဆိုင်ရာအခြေအနေကို နားလည်မှုလွဲခဲ့ကြသည်။ ပရောဖက်များ၏ နှုတ်ကပတ်တော်များကို ဘုရားသခင် မှုတ်သွင်းပေးသည့် နည်းလမ်းများကိုလည်း ကျွန်ုပ်တို့ နားလည်မှုလွဲကြသည်။ ဓမ္မဟောင်းပရောဖက်များအပေါ် သဘောပေါက်နားလည်ခြင်း၊ သူတို့၏နှုတ်ကပတ်တော်များကို သူတို့နားလည်ထားမှုနှင့်ပတ်သက်၍ ကျွန်ုပ်တို့မကြာခဏ မှန်ကန်သောအယူအဆ မရှိကြပါ။

## စိတ်ပိုင်းဆိုင်ရာအခြေအနေ

ပထမဦးဆုံးအနေနှင့်၊ သမ္မာကျမ်းစာလေ့လာသူများသည် သူတို့၏ပရောဖက်ပြုချက်များလက်ခံရရှိသည့်အခါတွင်၊ ပရောဖက်များသည် သူတို့၏စိတ်ထဲတွင် လက်တွေ့ကျကျလုပ်ဆောင်နေသကဲ့သို့ ပြုမူကြသည်။ ပရောဖက်များသည် ဘုရားသခင့်ဝိညာဉ်တော်၏လွှမ်းမိုးခြင်းကိုခံရပြီး အသိတရားများဆုံးရှုံးသွားကြသည်။ သူတို့သည် ဗာလ၏ခါနာန်လူမျိုးပရောဖက်များနှင့် ရှေးခေတ်နှင့် ခေတ်သစ်လောကရှိ အခြားဘာသာများကဲ့သို့ အပြင်းဖျားကာ မေ့မျောသောအခြေအနေသို့ ရောက်ခဲ့ကြသည်။

ယခုတွင် ပရောဖက်များနှင့်ပတ်သက်၍ ဤအမြင်သည် ကျယ်ပြန့်လာသည်နှင့်အမျှ သမ္မာကျမ်းစာ၏သက်သေအထောက်အထားများနှင့် မကိုက်ညီပါ။ ဓမ္မဟောင်းပရောဖက်များသည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဘုရားသခင်ထံမှ ကြားသိမြင်ခဲ့ရသည့်အရာကြောင့် အံ့အားသင့်ခဲ့ရသည့်အချိန်များ ရှိခဲ့သည်ကို ကျွန်ုပ်တို့ လုံးဝယုံကြည်နိုင်သည်ဟု ထင်ပါသည်။ ဘုရားသခင်၏ဝိညာဉ်တော်သည် သူ့အားဆံပင်ကို ဆွဲယူပြီး ဗာဗုလုန်မှ မိုင်ပေါင်းရာနှင့်ချီဝေးသော ဂျေရုဆလင်ရှိဝတ်ပြုရာ ဗိမာန်တော်သို့ ခေါ်ဆောင်သွားခဲ့သည့် အခန်းကြီး ၈ တွင်၊ ယေဇကျေလသည် မည်သည့်စိတ်အခြေအနေရှိမည်ကို ကျွန်ုပ်တို့ စိတ်ကူးကြည့်နိုင်ပါသည်။ သို့သော် ဤအခြေအနေမျိုးတွင်ပင် ယေဇကျေလသည် မိမိကိုယ်ကိုမသိခြင်းမျိုး လုံးဝမရှိခဲ့ပါ။ သူ၏အသိစိတ်မပျောက်ခဲ့ပါ။ ယင်းအစား၊ ယေဇကျေလကျမ်း၏ ဤအပိုင်းကို ကျွန်ုပ်တို့ ဖတ်ရှုသောအခါ၊ သူသည် ဘုရားသခင်နှင့် ကျိုးကြောင်းဆီလျော်စွာ ပြောဆိုဆက်ဆံနိုင်သည်ကို ကျွန်ုပ်တို့တွေ့ရှိရသည်။ ဓမ္မဟောင်း ပရောဖက်များသည် အံ့သြဖွယ်ကောင်းသော အခြေအနေများတွင်ပင် ဘုရားသခင်သည် မိမိ၏နှုတ်ကပတ်တော်ကို ၎င်းတို့အား ထုတ်ဖော်ပြသသောကြောင့် သတိထားနေကြဆဲဖြစ်သည်။

# မှုတ်သွင်းခြင်း

ပရောဖက်၏အတွေ့အကြုံနှင့်ပတ်သက်သော ဒုတိယကျယ်ပြန့်သောအထင်အမြင်လွဲမှားမှုတစ်ခုသည် ဘုရားသခင်မှုတ်သွင်းခြင်းနည်းလမ်းများနှင့် သက်ဆိုင်သည်။

## စက်ရုပ်ကဲ့သို့ မှုတ်သွင်းခြင်း

ဝမ်းနည်းစရာမှာ၊ ခရစ်ယာန်များစွာသည် ဓမ္မဟောင်းပရောဖက်များကို စက်ရုပ်ကဲ့သို့ မှုတ်သွင်းသည့်အလား ချဉ်းကပ်ကြသည်။ ကျွန်ုပ်တို့သည် ပရောဖက်များကို ညွှန်ကြားထားသည့် စက်ရုပ်များကဲ့သို့ မှတ်ယူကြသည်။ ဟေရှာယဟောပြောသောအခါတွင်၊ ဘုရားသခင်သည် သူ၏ နှုတ်ခမ်းများကို လှုပ်ရှားရန် ခွင့်ပြုရုံမျှသာဖြစ်သည်။ အာမုတ်ဟောပြောသောအခါတွင်၊ ဘုရားသခင်သည် စကားလုံးတိုင်းကို သူ၏နှုတ်မှတစ်ဆင့် မိန့်တော်မူခဲ့သည်။ သမ္မာကျမ်းစာ၏ အခြားအစိတ်အပိုင်းများနှင့်ပတ်သက်၍ ကျွန်ုပ်တို့သည် ဤနည်းထက်သာသည့်နည်းဖြင့်တွေးတောဆင်ခြင်ကြသည်။ သို့သော်ဓမ္မဟောင်းပရောဖက်များနှင့်ပတ်သက်လာလျှင် ယင်းတို့သည် ဖွင့်လှစ်ဖော်ပြသည့်ကိရိယာများ၊ ဘုရားသခင်၏စက်ပိုင်းဆိုင်ရာပါးစပ်များ မျှသာဖြစ်သည်ဟု မကြာခဏ မှတ်ယူကြသည်။

## သဘာဝ မှုတ်သွင်းခြင်း

မှုတ်သွင်းခြင်းကိုလေ့လာခြင်း၏ ဤထင်ရှားသောနည်းလမ်းနှင့်ဆန့်ကျင်ဘက်အနေဖြင့် ဤသင်ခန်းစာများတွင် ကျွန်ုပ်တို့သည် "သဘာဝမှုတ်သွင်းခြင်း"ဟုခေါ်သောရှုထောင့်ဖြင့် လေ့လာပါမည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ပရောဖက်များ၏ရေးသားချက်များအား မှုတ်သွင်းပေးခဲ့ကြောင်း ကျွန်ုပ်တို့ယုံကြည်သည်။ သို့သော် တစ်ချိန်တည်းတွင်၊ ဘုရားသခင်သည် သမ္မာကျမ်းစာရေးသားခြင်းကို မှုတ်သွင်းတော်မူစဉ် လူသားကျမ်းရေးသူများ၏ ကိုယ်ရည်ကိုယ်သွေးများ၊ အတွေးအခေါ်များနှင့် ရှုမြင်ချက်များကို အသုံးပြုခဲ့ကြောင်း ကျွန်ုပ်တို့သိကြသည်။ ဓမ္မသစ်ကျမ်းတွင် ဤအရာသည် မှန်ကန်

ကြောင်း ကျွန်ုပ်တို့သိကြသည်။ ပေါလု၏ဩဝါဒစာများသည် သူ၏ကိုယ်ရည်ကိုယ်သွေးနှင့် နောက်ခံကို ထင်ဟပ်ပြသည်။ ထို့ပြင် ခရစ်ဝင်ကျမ်းလေးစောင်အကြား ခြားနားချက်များသည် အဓိကအားဖြင့် လူသားကျမ်းရေးသူများ၏ ရည်ရွယ်ချက်များနှင့် ပန်းတိုင်များ ကွဲပြားခြားနားမှုများကြောင့် ဖြစ်ပေါ်လာကြောင်းကိုလည်း ကျွန်ုပ်တို့ အသိအမှတ်ပြုပါသည်။ ထိုနည်းတူပင်၊ ဘုရားသခင်သည် ပရောဖက်များ၏ ကိုယ်ရည်ကိုယ်သွေးများ၊ အတွေ့အကြုံများနှင့် ရည်ရွယ်ချက်များကို မှတ်သွင်းရာတွင် အသုံးပြုခဲ့သည်။ ဓမ္မဟောင်းပရောဖက်ပြုချက်ကို ကျွန်ုပ်တို့နားလည်ရန် မျှော်လင့်ထားပါက၊ သူတို့၏အတွေ့အကြုံကို စက်ပိုင်းဆိုင်ရာအဖြစ်နားလည်မှုကို ငြင်းပယ်ရမည်ဖြစ်ပြီး၊ ဘုရားသခင်သည် သူတို့ကို အပြည့်အဝ စဉ်းစားတွေးခေါ် နိုင်သော လူသားများအဖြစ် မှုတ်သွင်းပေးသည့် နည်းလမ်းများကို စတင်ရှာဖွေရမည်ဖြစ်သည်။

## သဘောပေါက်နားလည်ခြင်း

ပရောဖက်များ၏အတွေ့အကြုံများနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ အခြားသော အထင်အမြင်လွဲမှားမှုများနှင့်အညီ၊ ပရောဖက်များသည် သူတို့၏စကားများအပေါ် မည်မျှနားလည်ကြောင်းကို ကျွန်ုပ်တို့တွင်ကောင်းသည့်အယူအဆများ မရှိကြပါ။ အမှန်တကယ်တွင်၊ ခရစ်ယာန်အများစုသည် ပရောဖက်များကို မသိ သို့မဟုတ် သူတို့ပြောနေသည့်အရာကို နားမလည်နိုင်သကဲ့သို့ ပြုမူကြသည်။ ဥပမာ၊ တစ်စုံတစ်ယောက်သည် အာမုတ်ကိုရပ်စေကာ "သင်ပြောသောအရာသည် မည်သည့်အရာကို ဆိုလိုသနည်း" ဟုမေးခဲ့လျှင် ခရစ်ယာန်အများစုက အာမုတ်သည်ဤနည်းဖြင့် တုံ့ပြန်သင့်သည်ဟု ယူဆကြသည်_ "ကျွန်ုပ်မည်သည့်အရာကို ပြောနေသည်ကို မသိပါ။ ဘုရားသခင်ကျွန်ုပ်ကိုပြောခိုင်းသည့် အရာကိုသာ ပြောခြင်းဖြစ်သည်။"

ဤမှားယွင်းသောယူဆချက်နှင့်ဆန့်ကျင်ဘက်အားဖြင့် ပရောဖက်များသည် နားလည်မှုရှိကြောင်း သမ္မာကျမ်းစာက သွန်သင်ထားသည်။ သူတို့သည် သူတို့ပြောသည့်အရာများကို များသောအားဖြင့် နားလည်ကြသည်။ ဥပမာ၊ ဒံယေလ ၁၂:၈ တွင် ဒံယေလသည် ဝန်ခံခဲ့သည်။

> ထိုစကားကို ငါကြား၍ နားမလည်သောကြောင့်၊ (ဒံယေလ ၁၂:၈)။

သို့သော် ဒံယေလဆိုလိုသည့်အဓိပ္ပာယ်ကို သိမြင်ဖို့ ဂရုစိုက်ရမည်။ သူသည် ဘုရားသခင်အား ဆက်လက်ပြောနေစဉ် မိမိကိုယ်ကို ရှင်းပြခဲ့သည်။

> သခင်ဘုရား၊ ဤအမှုအရာတို့သည် အဘယ်သို့ ကုန်စင်ပါမည်နည်းဟု
> မေးလျှောက်လျှင်၊ (ဒံယေလ ၁၂:၈)။

ဒံယေလသည် သူကြားခဲ့သည့်အရာနှင့် ရေးခဲ့သည့်အရာများကိုနားလည်သည်။ သူသည် ဝေါဟာရကိုသိသည်။ သဒ္ဒါကိုသိသည်—ဤအရာများအားလုံးသည် သူ့စကားများဖြစ်သည်။ သို့သော်၊



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သူသည်အရာအားလုံးကို နားမလည်ခဲ့ပါ။ ပရောဖက်ပြုချက် မည်သို့ပြည့်စုံမည်ကို အတိအကျမသိကြောင်း သူဝန်ခံခဲ့သည်။

အလားတူပင်၊ ၁ ပေတရု ၁:၁၁ တွင်ဓမ္မဟောင်းပရောဖက်များသည် နားလည်သဘောပေါက်ကြသော်လည်း သူတို့ပြောသမျှကို နားမလည်ကြချေ။ ခရစ်တော်ခံတော်မူရသော ဆင်းရဲကိုဂုင်း၊...

> … သူတို့အထဲ၌ရှိသော ခရစ်တော်၏ဝိညာဉ်သည် သက်သေခံနှင့်သောအခါ၊ အဘယ်မည်သောသူကိုဂုင်း၊ အဘယ်သို့သောအချိန်ကာလကိုဂုင်း ဆိုလိုတော်မူသည်ဟု မေးမြန်းရှာဖွေကြ၏ (၁ ပေတရု ၁:၁၁)။

တစ်နည်းအားဖြင့်၊ ဓမ္မဟောင်းပရောဖက်များသည် အချိန်အခါနှင့်အခြေအနေ၏ အသေးစိတ်အချက်အလက်များကို မသိနားမလည်ကြဟု ပေတရုဆိုသော်လည်း၊ သူတို့၏စကားများကို သူတို့သည် လုံးဝနားမလည်ကြကြောင်း အကြံပြုထားခြင်းမရှိပါ။ ဆန့်ကျင်ဘက်အနေနှင့်၊ ကျွန်ုပ်တို့မြင်ရသကဲ့သို့၊ ပရောဖက်များသည် အလွန်သတိထားကြပြီး၊ သူတို့ပြောသမျှကို သူတို့နားလည်သဘောပေါက်ကြသည်။ သူတို့သည် မသိဘဲနေမည့်အစား၊ ဘုရားသခင်၏နည်းလမ်းများနှင့်ပတ်သက်၍ ကြီးမားသောထိုးထွင်းသိမြင်မှုများရှိကြသည်။

ဓမ္မဟောင်းပရောဖက်များ၏ အတွေ့အကြုံနှင့်ပတ်သက်၍ မှားယွင်းသောယူဆချက်များစွာရှိပြီး၊ သူတို့၏စိတ်ပိုင်းဆိုင်ရာအခြေအနေ၊ သူတို့၏မှုတ်သွင်းခြင်းနှင့် သူတို့၏ပရောဖက်ပြုချက်များကို သဘောပေါက်နားလည်ခြင်း စသည့်သုံးခုကိုသာ ကျွန်ုပ်တို့လေ့လာပါမည်။ ပရောဖက်ပြုချက်ကို မှန်ကန်စွာ နားလည်ရန် ကျွန်ုပ်တို့မျှော်လင့်နိုင်လျှင်၊ သူတို့သည် စိတ်ပိုင်းဆိုင်ရာသတိပြုမိကြောင်း၊ သဘာဝကျကျ မှုတ်သွင်းခံရကြောင်းနှင့် သူတို့ပြောမည့်အရာများကို နားလည်ခဲ့ကြောင်း ကျွန်ုပ်တို့ အမြဲသတိရနေရမည်ဖြစ်သည်။ ဤအရာများကို ကျွန်ုပ်တို့မှတ်မိမည်ဆိုလျှင်၊ ဓမ္မဟောင်းပရောဖက်ပြုချက်ကို အတော်အသင့်အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသည်။

ပရောဖက်၏အတွေ့အကြုံနှင့်ပတ်သက်၍ စိတ်ထဲ၌ဤဦးတည်ချက်နှင့်အတူ၊ ယခုကျွန်ုပ်တို့သည် ဒုတိယအခြေခံအနက်ဖွင့်ခြင်းဆိုင်ရာရှုထောင့်တစ်ခုဖြစ်သည့်_ပရောဖက်ပြုချက်ဆိုင်ရာ မူလအဓိပ္ပာယ်၏အရေးပါမှု ကိုလေ့လာကြပါစို့။

# မူလအဓိပ္ပါယ်

ပြုပြင်ပြောင်းလဲရေးခေတ်မှစ၍ ယုံကြည်သူများသည် ကျမ်းပိုဒ်တစ်ပိုဒ်၏ မူလအဓိပ္ပာယ်ကို ဦးစွာရှာဖွေပြီးနောက် မူလအဓိပ္ပာယ်၏အခွင့်အာဏာကို နာခံရမည်ဟု အမြဲယုံကြည်ခဲ့ကြသည်။ သမ္မာကျမ်းစာ၏ အခြားအစိတ်အပိုင်းများနှင့် ပတ်သက်လာလျှင် ထိုသို့ပြုရန် ကျွန်ုပ်တို့ဝမ်းမြောက်မိသော်လည်း၊ ဓမ္မဟောင်းပရောဖက်ပြုချက်နှင့် ဤအနက်ဖွင့်ခြင်းဆိုင်ရာအခြေခံမူကို ကျွန်ုပ်တို့



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မေ့လျော့ကြသည်။ ဤအရာအားကျွန်ုပ်တို့ မည်သို့လုပ်ဆောင်သည်ကို လေ့လာရန်၊ မတူညီသော ကိစ္စရပ်နှစ်ခုကို ကြည့်ရှုရန် လိုအပ်သည်– ပထမ ထင်ရှားသည့်အနက်ဖွင့်ဆိုခြင်းဆိုင်ရာ ချဉ်းကပ်နည်းများ၊ ထို့နောက် ဓမ္မဟောင်းပရောဖက်ပြုချက်များ၏အနက်ဖွင့်ဆိုခြင်းနှင့်ပတ်သက်ပြီး သင့်လျော်သော ချဉ်းကပ်နည်းဖြစ်သည်။ ဓမ္မဟောင်းပရောဖက်ပြုချက်၏ ကျယ်ပြန့်သော၊ ထင်ရှားသောမူလအဓိပ္ပာယ် အပေါ်ချဉ်းကပ်နည်းများကို ဦးစွာကြည့်ကြပါစို့။

# ထင်ရှားသောအနက်ဖွင့်ဆိုခြင်း

ယနေ့နေရာတိုင်းတွင်ကြည့်ပါက၊ စစ်မှန်သောခရစ်ယာန်များသည် ပရောဖက်များရည်ရွယ်ထားသည့် မူလအဓိပ္ပာယ်ကို ဂရုစိုက်ခြင်းမရှိဘဲ ပရောဖက်ပြုချက်များကို အနက်ဖွင့်ဆိုကြသည်။ ဤထင်ရှားသော ချဉ်းကပ်နည်းများကို အနည်းဆုံး နည်းနှစ်နည်းဖြင့် ဖော်ပြနိုင်သည်– ၎င်းတို့မှာ အနုစိတ်နည်းပညာနှင့် သမိုင်းဆိုင်ရာဖြစ်သည်။

## အနုစိတ်နည်းပညာ

ထင်ရှားသည့်အနက်ဖွင့်ဆိုခြင်းသည် အနုစိတ်နည်းပညာဖြစ်သည်ဟုဆိုရာ၌ မည်သည့်အရာကို ဆိုလိုသနည်း။ ခရစ်ယာန်များအတွက် လျော့ရဲစွာဆက်စပ်နေသော ခန့်မှန်းချက်များကိုစုစည်းထားမှု အဖြစ် ပရောဖက်ပြုချက်များကိုဖတ်ရှုခြင်းသည် ပုံမှန်ဖြစ်သည်။ ပရောဖက်ပြုချက်ကျမ်း၏ အပိုင်းကဏ္ဍကြီးများကို ဂရုတစိုက်ဖတ်ရှုမည့်အစား၊ မှတ်သားဖွယ်စကားစု သို့မဟုတ် အထူးစကားလုံး အချို့ကို အာရုံစိုက်ရန် ကျွန်ုပ်တို့နှစ်သက်ကြသည်။ တစ်ခါတစ်ရံ၊ ကျမ်းပိုဒ်အချို့ကို ထည့်သွင်းစဉ်းစား ကြသော်လည်း၊ ၎င်းသည် ဓမ္မဟောင်းပရောဖက်များကို ဖတ်ရှုသောအခါ ခရစ်ယာန်အများစုက ယူဆသည့်အတိုင်း ကြီးမားသောအကြောင်းအရာတစ်ခုဖြစ်သည်။ ဓမ္မဟောင်း ပရောဖက်ပြုချက် အတွက် အနုစိတ်ချဉ်းကပ်နည်းသည် ရိုးရှင်းစွာလုပ်ဆောင်လိမ့်မည်မဟုတ်ပါ။

## သမိုင်းဆိုင်ရာ

ဝမ်းနည်းစရာကောင်းသည်မှာ၊ ယုံကြည်သူအများစုသည်လည်း ပရောဖက်များ၏ သမိုင်းဆိုင်ရာ အကြောင်းအရာကို ဂရုမစိုက်ကြပါ။ သူတို့သည် လူသားကျမ်းရေးသူကို အာရုံမစိုက်ကြပါ။ သူတို့သည် ဓမ္မဟောင်းပရောဖက်ပြုချက်များ၏ မူလပရိသတ်များ၏ အခြေအနေများနှင့် လိုအပ်ချက်များကို မသုံးသပ်ကြပါ။

၎င်းအစား ပရောဖက်ပြုချက်များသည် အဓိပ္ပာယ်ပြည့်စုံရန် စောင့်မျှော်နေကြသည့် ဖူးခွံများကဲ့ သို့ဖြစ်ကြောင်း မှတ်ယူကြသည်။ ဤဖူးခွံများကိုပြည့်စေသော မူလအဓိပ္ပာယ်ကို ကျွန်ုပ်တို့ ရှာမတွေ့ပါ။ ယင်းအစား ကျွန်ုပ်တို့ခေတ်ရှိ အဖြစ်အပျက်များကို ကြည့်ခြင်းဖြင့် ကျွန်ုပ်တို့၏ကိုယ်ပိုင်အဓိပ္ပာယ်ကို ပေးကြသည်။ ကျွန်ုပ်တို့၏လောကတွင် ဖြစ်ပျက်နေသောအရာများကိုကြည့်ပြီး လက်ရှိ၊ သမိုင်းဆိုင်ရာ အဖြစ်အပျက်များနှင့် ပရောဖက်ပြုချက်ဖူးခွံများကို ဖြည့်ရန် ကျွန်ုပ်တို့ကြိုးစားကြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဥရောပရှိ အံ့သြဖွယ်ကောင်းသော အသင်းတော်တစ်ခု၌ သွန်သင်ခဲ့သည်ကို ကျွန်ုပ်မှတ်မိသည်၊ အမေးအဖြေအချိန်အတွင်း အခန်းနောက်ဘက်ရှိလူတစ်ဦးက သူ့လက်ကိုမြှောက်ကာ "ချာနိုဘိုင်းတွင် ဖြစ်သည့် ဘေးအန္တရာယ်သည် နောက်ဆုံးသောကာလ၏လက္ခဏာဟု သင်ထင်ပါသလား" ဟုပြောခဲ့ သည်။ အနက်ပြန်သူကို ကြည့်ပြီး "သူ တကယ်ပြောတာလား" ဟုပြောလိုက်သည်။ အနက်ပြန်သူက "သေချာသည်" ဟုပြောသည်။ အကြောင်းမှာ ဤလူ၏စကားလုံးထဲမှ "ချာနိုဘိုင်း" ဟူသည့်စကားလုံး သည် "ဒေါန" ဟုအဓိပ္ပာယ်ရပြီး၊ ယေရမိ ၂၃ တွင် "ဒေါန" ဟူသောစကားလုံးသည် နောက်ဆုံးသော ကာလနှင့်ဆက်စပ်နေသောကြောင့်ဖြစ်သည်။ ဤသူ မည်သည့်အရာကို လုပ်ခဲ့သနည်း။ သမ္မာကျမ်းစာ တွင် စကားတစ်ခွန်းကို သူတွေ့ရှိခဲ့ပြီး သူ၏အတွေ့အကြုံရှိ တစ်စုံတစ်ရာနှင့် ၎င်းကိုဆက်စပ်ခဲ့ကာ၊ ရလဒ်အနေနှင့် နောက်ဆုံးသောကာလ၏ လက္ခဏာတစ်ခုကို သူရရှိခဲ့သည်။ ကျွန်ုပ်တို့၏ကိုယ်ပိုင် အယူအဆများကို အနုစိတ်နည်းပညာအရ ဖတ်ရှုသောအခါနှင့် ဓမ္မဟောင်းပရောဖက်များ၏သမိုင်း ဆိုင်ရာအကြောင်းအရာကို ဂရုမစိုက်ဘဲ သမ္မာကျမ်းစာကိုဖတ်ရှုခြင်းမှလွဲ၍ ကျွန်ုပ်တို့ မည်သည့်အရာ လုပ်ဆောင်ရမည်နည်း။

ဓမ္မဟောင်း ပရောဖက်ပြုချက်နှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ကိုယ်ပိုင်အဓိပ္ပါယ်ဖွင့်ဆိုခြင်းသည် ကျယ်ပြန့် စွာပျံ့နှံ့နေသည်၊ အကြောင်းမှာ ကျွန်ုပ်တို့အများစုသည် ဤကျမ်းချက်များကို အနုစိတ်နည်း ပညာအရ ဖတ်ကြပြီး၊ ကျမ်းရေးသူနှင့်ပရိသတ်တို့၏ သမိုင်းဆိုင်ရာအကြောင်းအရာကို ဂရုမစိုက်ဘဲ ဖတ်ရှုကြသည်။ မူလအဓိပ္ပာယ်ကို လျစ်လျူရှုထားသောအခါ၊ ဤကျမ်းစာများတွင် ကျွန်ုပ်တို့၏ ကိုယ်ပိုင်အယူအဆများကို ဖတ်ရုံမှလွဲ၍ အခြားအနည်းငယ်သာ လုပ်ဆောင်နိုင်မည်ဖြစ်သည်။

# သင့်လျော်သောအနက်ဖွင့်ဆိုခြင်း

ဓမ္မဟောင်းပရောဖက်ပြုချက်အတွက် ထင်ရှားသည့်နည်းလမ်းများကို ပြုပြင်ပေးနိုင်သည့် တစ်ခုတည်းသောနည်းမှာ ဤကျမ်းချက်များ၏ မူလအဓိပ္ပာယ်အပေါ် သင့်လျော်သောဂရုစိုက်မှုကို ဖော်ထုတ်ရန်ပင် ဖြစ်သည်။ သမ္မာကျမ်းစာ၏ အခြားကဏ္ဍများတွင်၊ ကျွန်ုပ်တို့လုပ်ဆောင်ရမည့်အရာမှာ သမ္မာကျမ်းစာ၏အခြားအစိတ်အပိုင်းများတွင် ကျွန်ုပ်တို့အသုံးပြုသည့် အနက်ပြန်ဆိုခြင်း၏အခြေခံမှု များကို ကျင့်သုံးခြင်းဖြစ်သည်။ ပရောဖက်ပြုချက်၏ မူလအဓိပ္ပာယ်ကို သဒ္ဒါ-သမိုင်းဆိုင်ရာ အနက်ဖွင့် ဆိုခြင်းမှတစ်ဆင့် ရှာဖွေတွေ့ရှိခြင်းဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့၏ကိုယ်ပိုင်အဓိပ္ပါယ်များကို ပရောဖက်များထံ မထည့်သွင်းရန် ကျွန်ုပ်တို့ကိုတားဆီးပေးမည့် တစ်ခုတည်းသောကျောက်ဆူးဖြစ် သည်။

"သဒ္ဒါ-သမိုင်းဆိုင်ရာ" ဟူသောအသုံးအနှုန်းက ဖော်ပြသည့်အတိုင်း မူလအဓိပ္ပာယ်ကို ရှာဖွေ တွေ့ရှိရန် အကြောင်းအရာနှစ်ခုကို အာရုံစိုက်ရမည်ဖြစ်သည်။ ဦးစွာ၊ ပရောဖက်ပြုချက်တစ်ခု၏ သဒ္ဒါကို ကြည့်ရမည်ဖြစ်ပြီး စာပေဆိုင်ရာအကြောင်းအရာကို အာရုံစိုက်ခြင်းဖြင့် ၎င်းကို လုပ်ဆောင်ရမည် ဖြစ်သည်။ ဒုတိယ၊ မူလကျမ်းရေးသူနှင့်မူလပရိသတ်၏သမိုင်းကြောင်းကို အလေးထားရမည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## စာပေဆိုင်ရာအကြောင်းအရာ

ဤသင်ခန်းစာများတွင် တွေ့ရသည့်အတိုင်း၊ ထင်ရှားသော အနုစိတ်နည်းလမ်းများကဲ့သို့ပင်၊ စကားလုံးတစ်လုံး သို့မဟုတ် နှစ်လုံးကို ဤနေရာနှင့် အခြားနေရာတွင် အာရုံစိုက်ခြင်းသည် ကျွန်ုပ်တို့အတွက် လုံလောက်သည်မဟုတ်ပါ။ အခန်းငယ်များနှင့် အခန်းကြီးများ၊ ပရောဖက်ပြုထားသည့် ကျမ်းတစ်အုပ်လုံးအား မည်သို့ကိုင်တွယ်ရမည်ကို ကျွန်ုပ်တို့ သင်ယူရမည်ဖြစ်သည်။

ဥပမာ၊ ဟောရှာယ ၇:၁၄ ၏ထင်ရှားသည့်ပရောဖက်ပြုချက်ကို စိတ်ဝင်စားပေမည်–

> သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍၊ သား ယောက်ျားကို ဘွားမြင်လတံ့ (ဟောရှာယ ၇:၁၄)။

ခရစ်ယာန်များသည် "သတို့သမီးကညာ" နှင့် "သား ယောက်ျား" စသည့်အဓိကစကားလုံးအချို့ကို သတိပြုမိရုံမျှနှင့် ကျေနပ်ရောင့်ရဲလေ့ရှိပြီး၊ ဤကျမ်းပိုဒ်သည် မည်သည့်အရာကိုဆိုလိုကြောင်း သူတို့နားလည်သောကြောင့် အလွန်စိတ်သက်သာရာရကြသည်။

ဟောရှာယ ၇:၁၄ ပါဤချဉ်းကပ်နည်းကို ကျွန်ုပ်တို့ကျေနပ်နိုင်သကဲ့သို့၊ ဤကျမ်းပိုဒ်အား လေ့လာရန်၊ ရှေ့နောက်အကြောင်းအရာတစ်ခုလုံးကိုသုံးသပ်ရန် သော့ချက်စကားလုံးအနည်းငယ်ကို ကျော်လွန်ရမည်ဖြစ်သည်။ ဤကျမ်းချက်သည် ဟောရှာယ ၇ အတွင်း မည်သို့အံ့ဝင်ခွင်ကျဖြစ်သနည်း။ ဟောရှာယကျမ်း၏ဤအပိုင်းအတွင်း မည်သို့ကိုက်ညီသနည်း။ ဟောရှာယကျမ်း၏ရည်ရွယ်ချက်နှင့် အဓိပ္ပာယ်တစ်ခုလုံးကို မည်သို့အထောက်အကူပြုသနည်း။ ဤကျမ်းပိုဒ်ကို သာ၍ကြီးမားသော အကြောင်းအရာအတွင်းသတ်မှတ်ထားမှသာ ကျွန်ုပ်တို့သည် ၎င်းကိုမှန်ကန်စွာနားလည်ကြောင်း သေချာနိုင်မည်ဖြစ်သည်။

## သမိုင်းဆိုင်ရာ အကြောင်းအရာ

ပရောဖက်ပြုချက်တစ်ခု၏ ကြီးမားသောစာပေဆိုင်ရာအကြောင်းအရာကို ကြည့်ရှုခြင်းအပြင်၊ သင့်လျော်သောအနက်ဖွင့်ဆိုခြင်းတွင် ၎င်းတို့၏သမိုင်းဆိုင်ရာအကြောင်းအရာအတွင်း ပရောဖက်ပြုချက်များကို ဖတ်ရှုခြင်းလည်း ပါဝင်သည်။ ကျမ်းရေးသူနှင့်ပရိသတ်အကြောင်း စဉ်းစားရမည်။ ခရစ်ယာန်အများစုသည် ပရောဖက်ပြုချက်များကို ဖတ်ရှုသည့်အခါ ဤကျမ်းစောင်များသည် အချိန်မရှိသောနေရာတွင် လွင့်မျောနေသကဲ့သို့ ပြုမူကြသည်။ သို့သော် သဒ္ဒါ-သမိုင်းဆိုင်ရာအနက်ဖွင့်ဆိုခြင်းက ကျွန်ုပ်တို့အား ဤပရောဖက်ပြုချက်များကို လောကပေါ်ပြန်လည်ထားရှိစေသည်။ ကျွန်ုပ်တို့သည် ဤကဲ့သို့သောမေးခွန်းများကို မေးသည်_ ဤစကားများကို မည်သူရေးခဲ့သနည်း။ မည်သည့်အချိန်တွင် ရေးသားခဲ့ကြသနည်း။ မည်သူ့ထံ ရေးခဲ့သနည်း။ ဤစကားများကို အဘယ်ကြောင့်ရေးခဲ့သနည်း။

ဥပမာ၊ ဟောရှာယ ၇:၁၄ ကိုလေ့လာသည့်အခါ၊ သခင်ယေရှုဖွားမြင်သောအခါ မြေကိုထိရန် စောင့်ဆိုင်းနေသော ကောင်းကင်တွင် ပေါလောမျောနေသည့်စကားလုံးများဖြစ်သည်ဟု မယူဆသင့်ပါ။ ဤကျမ်းပိုဒ်ကို လောကပေါ်သို့ ကျွန်ုပ်တို့ယူဆောင်လာရမည်။ ဟောရှာယအနေဖြင့် ယုဒရှင်ဘုရင်

အာခတ်အား ပြောနေသောကျမ်းပိုဒ်ကို ကျွန်ုပ်တို့ ဖတ်ရှုနေသည်ကို သတိရဖို့လိုသည်။ ထို့ပြင် ဤသို့သောမေးခွန်းများကို မေးရမည်ဖြစ်သည်_ ဟေရှာယသည် အာခတ်အား အဘယ်ကြောင့် ဤစကားကိုပြောခဲ့သနည်း။ သူတို့၏ အခြေအနေများသည် အဘယ်သို့နည်း။ ရည်ရွယ်ချက်ကား အဘယ်နည်း။ ဤကျမ်းပိုဒ်ကို မှန်ကန်စွာနားလည်သဘောပေါက်ရန်မျှော်လင့်ချက်သည် ဤသမိုင်းဆိုင်ရာအခြေအနေကို သုံးသပ်ခြင်းဖြင့်သာလျှင် ဖြစ်နိုင်ပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် အနုစိတ်နည်းပညာနှင့် သမိုင်းဆိုင်ရာဖြစ်သော ဓမ္မဟောင်းပရောဖက်များထံ ထင်ရှားသောချဉ်းကပ်နည်းများကို ငြင်းပယ်ရမည်ဖြစ်ကြောင်းသိရှိရပြီး၊ ယင်းအစား သဒ္ဒါ-သမိုင်းဆိုင်ရာအနက်ဖွင့်ဆိုခြင်းမှတစ်ဆင့် မူလအဓိပ္ပာယ်ကို ရှာဖွေတွေ့ရှိရန် ကြိုးစားအားထုတ်ရပေမည်။ ပရောဖက်ပြုချက်၏မူလအဓိပ္ပာယ်ကို ကျွန်ုပ်တို့နားလည်ပြီးသည်နှင့်အမျှ ယနေ့ပရောဖက်ပြုချက်ကို မည်သို့ကျင့်သုံးရမည်ကိုနားလည်ရန် ကူညီပေးမည့် လုံခြုံသောကျောက်ဆူးတစ်ခုရှိသည်။

ယခုအချိန်အထိ၊ ဓမ္မဟောင်းပရောဖက်များနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ရှုပ်ထွေးမှုများကို ကျော်လွှားရန် သင်ယူရမည့် ကဏ္ဍနှစ်ခုဖြစ်သည့် ပရောဖက်၏အတွေ့အကြုံနှင့် မူလအဓိပ္ပာယ်၏ အရေးပါမှုတို့ကို ကျွန်ုပ်တို့တွေ့မြင်နေရပြီဖြစ်သည်။ ယခု ကျွန်ုပ်တို့သည် ဂရုတစိုက်အာရုံစိုက်ရန် လိုအပ်သည့် တတိယနယ်ပယ်ကိုကြည့်ပါမည်—ပရောဖက်ပြုချက်ဆိုင်ရာ ဓမ္မသစ်ရှုထောင့်များ။

# ဓမ္မသစ် ရှုထောင့်များ

ဓမ္မဟောင်းပရောဖက်ပြုချက်ဆိုင်ရာ ဓမ္မသစ်ကျမ်း၏ ရှုထောင့်များကို သုံးသပ်ကြည့်သောအခါ ကိစ္စရပ်များစွာ ပေါ်ထွက်လာသည်။ နောက်ပိုင်း သင်ခန်းစာများ၌ ဤအကြောင်းအရာကို ပြန်လည်ဖော်ပြပါမည်၊ သို့သော် ဤအချိန်တွင် ဓမ္မသစ်ကျမ်း၏ရှုထောင့်နှစ်ခုကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အထောက်အကူပြုပါလိမ့်မည်။ ပထမ၊ ပရောဖက်များ၏အခွင့်အာဏာအပေါ် ဓမ္မသစ်အမြင်၊ ဒုတိယ၊ ဓမ္မသစ်ကျမ်းသည် ဓမ္မဟောင်း ပရောဖက်ပြုချက်ကို ကျင့်သုံးသည့် နည်းလမ်းများဖြစ်သည်။

## အခွင့်အာဏာ

ယေရှုနှင့် ဓမ္မသစ်ကျမ်းတမန်တော်များက ဓမ္မဟောင်းပရောဖက်များ၏ အခွင့်အာဏာကို အပြည့်အဝယုံကြည်ကြောင်း မကြာခဏဖော်ပြခဲ့ကြသည်။ သူတို့သည် ပရောဖက်များ၏အရေးအသားများကို အခွင့်အာဏာရှိခြင်းအဖြစ် ခံယူခဲ့ကြပြီး၊ ပရောဖက်များ၏ရည်ရွယ်ချက်များကိုလည်း အခွင့်အာဏာရှိခြင်းအဖြစ် ခံယူခဲ့ကြသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

## ပရောဖက်ကျမ်းများ

ပထမတွင်၊ ယေရှုနှင့် သူ၏တမန်တော်များသည် ပရောဖက်များ၏မြင့်မြတ်သောကျမ်းစာများကို နာခံကြောင်း အတည်ပြုခဲ့သည်။ ၎င်းသည် ယေရှုသည် သူ့ခေတ်က သမ္မာကျမ်းစာဆိုင်ရာ ဂျူးဘာသာ တရား၏ သွန်သင်ချက်များကို သစ္စာစောင့်သိသည်ဟု မဆိုလိုပါ။ အမှန်ပင်၊ ထိုအချိန်က ဂျူးဘာသာ၏ အဓိကသွန်သင်ချက်တစ်ခုမှာ ဟေဗြဲကျမ်းစာ၏အကြွင်းမဲ့အာဏာဖြစ်သည်၊ ထို့ကြောင့် ယေရှုသည် သူ၏ဓမ္မအမှုတော်သည် ဓမ္မဟောင်းကျမ်းစာနှင့်အညီဖြစ်ကြောင်း မကြာခဏ အခိုင်အမာပြောဆိုခဲ့ သည်။ ဥပမာ၊ မဿဲ ၅:၁၇ တွင်၊ ယေရှုကိုယ်တိုင် ဤသို့ဆိုသည်–

> ပညတ္တိကျမ်း၊ အနာဂတ္တိကျမ်းများကို ဖျက်ပယ်ခြင်းငှါ ငါလာသည်ဟု မထင်ကြနှင့် (မဿဲ ၅:၁၇)။

ယေရှုသည် မောရှေ၏အခွင့်အာဏာကိုသာ အသိအမှတ်ပြုသည်မဟုတ်ဘဲ၊ ပရောဖက်ပြုချက် ဆိုင်ရာ အရေးအသားများ၏ အခွင့်အာဏာကိုလည်း အသိအမှတ်ပြုကြောင်း ဤနေရာတွင် သတိပြုပါ။ ဓမ္မသစ်ကျမ်းရေးသူအားလုံးသည် ခရစ်တော်နောက်သို့ ဤနည်းဖြင့် လိုက်ခဲ့ကြသည်။ သူတို့သည် ပရောဖက်များကို အခွင့်အာဏာရှိသော ကျမ်းများအဖြစ် အမြဲတစေရည်ညွှန်းကြသည်။

## ပရောဖက်ပြုချက်၏ရည်ရွယ်ချက်များ

သခင်ယေရှုနှင့် သူ၏တမန်တော်များသည် ပရောဖက်များ၏ မြင့်မြတ်သောကျမ်းချက်များကို ချစ်မြတ်နိုးကြောင်းသိမြင်ရန် အရေးကြီးသကဲ့သို့၊ ပရောဖက်များ၏ မူလရည်ရွယ်ချက်များအပေါ် သစ္စာရှိကြောင်းကိုလည်း နားလည်ရန်အရေးကြီးပါသည်။ ဓမ္မသစ်ကျမ်းရေးသူများသည် ပရောဖက် ပြုချက်ကို နားလည်သဘောပေါက်သည့်နည်းများဖြင့် တမင်တကာမရည်ရွယ်ခဲ့ကြချေ။ သူတို့သည် ပရောဖက်များအပေါ် မိမိတို့၏ကိုယ်ပိုင်အဓိပ္ပါယ်များကို မသတ်မှတ်ခဲ့ကြပေ။ ယင်းအစား၊ သူတို့သည် ပရောဖက်ပြုချက်၏မူလအဓိပ္ပာယ်ကို ရှာဖွေတွေ့ရှိပြီးနောက် ထိုခိုင်ခံ့သောအခြေခံအုတ်မြစ်ပေါ် တည်ဆောက်ရန် အလွန်စိတ်ဝင်စားခဲ့ကြသည်။

ဓမ္မသစ်ကျမ်းရေးသူများသည် ဓမ္မဟောင်းကျမ်းကို သူတို့အလိုရှိသည့် မည်သည့်နည်းဖြင့်မဆို ဘုရားသခင်ပေးထားသည့်အနက်ပြန်ပိုင်ခွင့်ရှိသည်ဟု လူတို့ထင်မြင်ယူဆကြခြင်းသည် ယနေ့ အလွန် ရေပန်းစားသည်။ သို့သော် သမ္မာတရားနှင့် မည်သည့်အရာမှမကွာနိုင်ပါ။ ဓမ္မသစ်ကျမ်းမှ ကျမ်းပိုဒ်နှစ်ပိုဒ် သည် ဓမ္မဟောင်းပရောဖက်ပြုချက်များ၏မူလအဓိပ္ပာယ်ကို ဓမ္မသစ်ကျမ်းရေးသူများသည် အလွန်စိတ် ဝင်စားကြောင်း ဖော်ပြပါလိမ့်မည်။

တမန်တော် ၂:၂၉-၃၁ တွင် ပေတရုရှင်းပြသည့်နည်းလမ်းများနှင့် ပရောဖက်များ၏ ရည်ရွယ်ချက် များအပေါ် ဤနက်နဲသည့်ကတိကဝတ်ကို ကျွန်ုပ်တို့ တွေ့မြင်နိုင်ပါသည်။ ဆာလံ ၁၆ ၏တစ်စိတ် တစ်ပိုင်းကို ကိုးကားပြီးနောက် ပေတရုသည် အခန်းငယ် ၂၉ တွင် ဤသို့ဆိုသည်–



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ညီအစ်ကိုတို့၊ အမျိုး၏အဘဖြစ်သော ဒါဝိဒ်၏အကြောင်းကို ငါသည် သင်တို့အား အတည့်အလင်း ပြောပါရစေ။ ထိုဒါဝိဒ်သည် သေ၍ သင်္ဂြိုဟ်သောတွင်းသည် ယခုတိုင်အောင် ငါတို့၌ရှိ၏။ ထိုသူသည် မိမိအမျိုးအနွယ်ထဲက လူဇာတိအားဖြင့် ခရစ်တော်ကို ဘုရားသခင် ထမြောက်စေ၍ မိမိ ပလ္လင်ပေါ်မှာတင်တော်မူမည်အကြောင်း ဓိဋ္ဌာန် ကျိန်ဆိုတော်မူသည်ကို ပရောဖက် ဉာဏ်အားဖြင့်သိ၍၊ ခရစ်တော်၏ ထမြောက်ခြင်းအကြောင်းကိုရည်မှတ်လျက်၊ ထိုခရစ်တော်၏စိတ်ဝိညာဉ်ကို မရဏာနိုင်ငံ၌ ပစ်ထားတော်မမူ။ အသားသည်လည်း ပုပ်စပ်ခြင်းသို့မရောက်ဟု အနာဂတံသဉာဏ်နှင့် ဟောလေ၏ (တမန်တော် ၂:၂၉-၃၁)။

ပေတရုသည် ဆာလံ ၁၆ တွင် သူ၏ကိုယ်ပိုင်ခရစ်ယာန်အယူအဆများကို ဖတ်ရှုရန် အခွင့်အရေးအချို့ကို မတောင်းဆိုခဲ့ကြောင်း သတိပြုပါ။ ယင်းအစား၊ သူသည် ဒါဝိဒ်၏ပရောဖက်ပြုချက်စကားများကို ဒါဝိဒ်၏အတွေ့အကြုံနှင့် ဒါဝိဒ်၏ရည်ရွယ်ချက်များကို အနက်ပြန်ခဲ့သည်။

ထိုနည်းတူပင်၊ တမန်တော်ယောဟန်သည်လည်း ပရောဖက်ပြုချက်၏မူလအဓိပ္ပာယ်ကို အလွန်စိတ်ဝင်စားကြောင်း ဖော်ပြခဲ့သည်။ ယောဟန် ၁၂:၃၉-၄၀ တွင်၊ ယောဟန်သည် ဟေရှာယ ၆ ၏ပရောဖက်ပြုချက်များကို ရည်ညွှန်းသည်။ သူပြောသည်ကို နားထောင်ကြည့်ပါ_

> တဖန်ပရောဖက်ဟေရှာယဟောပြန်သည်ကား၊ သူတို့မျက်စိမမြင်၊ စိတ်နှလုံးနားမလည်၊ အကျင့်မပြောင်းလဲ၊ သူတို့အနာရောဂါကို ငါမငြိမ်းစေသည် တိုင်အောင် သူတို့မျက်စိကို ကွယ်စေတော်မူ၏။ သူတို့ စိတ်နှလုံးကို မိုက်စေတော်မူ၏ဟူသော စကားကြောင့် ထိုသူတို့သည်ယုံကြည်ခြင်းသို့ မရောက်နိုင်ကြ (ယော ၁၂:၃၉-၄၀)။

ယောဟန်သည်ဤကျမ်းပိုဒ်ကို ဟေရှာယမှစ၍ ယေရှု၏ဓမ္မအမှုတော်တိုင် ကျင့်သုံးခဲ့သည်။ သို့သော် သူ၏အဓိပ္ပာယ်ဖွင့်ဆိုချက်ကို သေချာနားထောင်ပါ။ နောက်အခန်းငယ်၊ ယောဟန် ၁၂:၄၁ တွင်၊ သူသည် ပရောဖက်၏ရည်ရွယ်ချက်များကို ဖော်ပြခဲ့သည်။

> ဟေရှာယသည် ဘုန်းအာနုဘော်တော်ကိုမြင်၍ ဗျာဒိတ်တော်ကိုပြန်စဉ်တွင် ထိုစကားကို ဟောပြောသတည်း (ယော ၁၂:၄၁)။

ယောဟန်သည် ဟေရှာယ၏အတွေ့အကြုံနှင့် သူ၏စကားများကို နားလည်သဘောပေါက်ရန် ဟေရှာယရည်ရွယ်ခဲ့ပုံတို့ကို အာရုံစိုက်ခဲ့သည်။ ယောဟန်သည် ဟေရှာယ၏ပရောဖက်ပြုချက်ကို သူ့ကိုယ်ပိုင်ပန်းတိုင်များအတွက် အဆင်ပြေသည့်နည်းဖြင့် မခံယူခဲ့ပါ။ ယင်းအစား၊ သူသည် ပရောဖက် ၏သဘာဝအရ မှုတ်သွင်းခံရည်ရွယ်ချက်များကို မိမိကိုယ်တိုင်နာခံရန် ကြိုးစားခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ခရစ်ယာန်များအနေဖြင့်၊ ဓမ္မသစ်ကျမ်းရေးသူများ၏ပုံသက်သေကို လိုက်လျှောက်ဖို့ ကြိုးစားရပါမည်။ ဓမ္မဟောင်း ပရောဖက်ပြုချက်ကျမ်းပိုဒ်ကို အခွင့်အာဏာရှိသည်ဟု ရှုမြင်သင့်သည်သာမက၊ ထိုပရောဖက်ပြုချက်များနောက်ကွယ်ရှိ မူလအဓိပ္ပာယ်ကို ရှာဖွေတွေ့ရှိရန်လည်း ကြိုးပမ်းရမည်ဖြစ်သည်။

# ကျင့်သုံးခြင်း

ယခုယေရှုနှင့် ဓမ္မသစ်ကျမ်းရေးသူများအတွက် ပရောဖက်ပြုချက်၏မူလအဓိပ္ပာယ်သည် အရေးကြီးသော်လည်း၊ သူတို့သည် မူလအဓိပ္ပာယ်ကို ထပ်ခါတလဲလဲ ပြောဆိုခဲ့ကြခြင်းမရှိပါ။ ယင်းအစား၊ ခရစ်တော်နှင့် သူ၏နောက်လိုက်များသည် သူတို့၏ခေတ်တွင် ဖြစ်ပျက်နေသည့် ဘုရားသခင်၏ ကြီးလေးသောလုပ်ရပ်များနှင့် ပရောဖက်ပြုချက်ဆိုင်ရာ နှုတ်ကပတ်တော်ကို ကျင့်သုံးရန် ကတိကဝတ်ပြုခဲ့ကြသည်။ ဤကျင့်သုံးခြင်းဖြစ်စဉ် မည်သို့လုပ်ဆောင်ခဲ့သည်ကို သိနိုင်ရန်၊ ကျွန်ုပ်တို့သည် အယူအဆနှစ်ခုကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်_ ရှေးဦးစွာ၊ ပရောဖက်များသည် အနာဂတ်အတွက် မည်သို့သောမျှော်လင့်ချက်မျိုးများ ရှိခဲ့ကြသနည်း။ ထို့နောက်၊ ဓမ္မသစ်ကျမ်းရေးသူများသည် ဤမျှော်လင့်ချက်များပြည့်စုံမှုကို မည်သို့မြင်ခဲ့ကြသနည်း။

## ပရောဖက်ပြုချက်ဆိုင်ရာ မျှော်လင့်ချက်များ

ဤသင်ခန်းစာများတစ်လျှောက်တွင် ကျွန်ုပ်တို့သည် ဓမ္မဟောင်းကျမ်း၏အနာဂတ်အတွက် ကြိုတင်ဟောကြားထားသော မျှော်လင့်ချက်များနှင့် မျှော်လင့်ချက်အမျိုးအစားများကို ဖော်ပြနေမည်ဖြစ်ပြီး၊ သို့သော် ယခုအခါတွင် ဓမ္မသစ်ကျမ်းရှုထောင့်များသို့ဦးတည်သည့် ယေဘုယျဝေါဟာရများဖြင့် ရိုးရှင်းစွာ ဖော်ပြပါမည်။ ရိုးရှင်းစွာပြောရလျှင်၊ အပြစ်သည် ကမ္ဘာပေါ်တွင် ပျက်စီးခြင်းယူဆောင်ခဲ့သည်ကို ပရောဖက်များ သိထားကြသည်။ ဘုရားသခင်၏လူများပင်လျှင် ယိုယွင်းပျက်စီးသွားသဖြင့် ဘုရားသခင်သည် သူတို့ကို ကျွန်ခံစေခဲ့သည်။ သို့သော် ဤဆိုးယုတ်သောအပြစ်၏ရလဒ်များကြားမှ၊ ဘုရားသခင်သည် ဤအရာများကိုဖြစ်ပျက်စေမည့်အချိန်ကို ပရောဖက်များစောင့်မျှော်ခဲ့ကြသည်။ ဤအနာဂတ်သည် သစ္စာရှိသူများအတွက် ဆိုးသွမ်းမှုနှင့် ထာဝရကောင်းချီးကို အဆုံးစွန်သော တရားစီရင်မည့်အချိန် ဖြစ်လိမ့်မည်။ ပရောဖက်များတွင် ဤလူ့သမိုင်း၏ အထွတ်အထိပ်ကိုဖော်ပြရန် ၎င်းတို့အသုံးပြုသည့် ဝေါဟာရအမျိုးမျိုးရှိသည်။ ၎င်းကို “ထာဝရဘုရား၏နေ့” ဟုခေါ်ဆိုကြသည်။ "နောက်ဆုံးသောနေ့ရက်များ" ဟုပြောဆိုကြသည်။ ဤကြီးမားသောအနာဂတ်သည် လောကသို့ ဘုရားသခင်ကြားဝင်ဆောင်ရွက်ပြီး အရာခပ်သိမ်းကို ၎င်းတို့၏နောက်ဆုံးအဆုံးသတ်သို့ ယူဆောင်လာမည့်အချိန်ဖြစ်သည်။

## ပရောဖက်ပြုချက်ပြည့်စုံမှုများ

ယခု၊ ဓမ္မသစ်ကျမ်းတွင် ဤဓမ္မဟောင်းပရောဖက်ပြုချက်၏မျှော်လင့်ချက်များကို ကိုင်တွယ်ဖြေရှင်းရန် အထူးနည်းလမ်းများ ရှိနေပြီဖြစ်သည်။ ခရစ်တော်၌ဤမျှော်လင့်ချက်အားလုံး ပြည့်စုံမှုကို သူတို့မည်သို့ နားလည်သဘောပေါက်သည်ကို ကျွန်ုပ်တို့ ကြည့်ရှုရန် လိုအပ်သည်။ သခင်ယေရှုနှင့် တမန်တော်များလက်ထက်တွင်၊ ဣသရေလလူများစွာတို့သည် စီရင်သည့်နေ့ မကြာမီရောက်ရှိလာတော့မည်ဟု မျှော်လင့်ခဲ့ကြသည်။ လူ့သမိုင်းကို အထွတ်အထိပ်ရောက်စေမည့် မေရှိယကို သူတို့ တောင့်တခဲ့ကြသည်။ နှုတ်ကပတ်တော်အားဖြင့်၊ ခရစ်ယာန်များသည် ယေရှုအား မေရှိယအဖြစ် လက်ခံခဲ့ကြသောကြောင့် ဤပရောဖက်ပြုချက်ဆိုင်ရာ မျှော်လင့်ချက်အားလုံး၏ပြည့်စုံမှုအဖြစ် ယေရှုကိုခံယူခဲ့ကြသည်။ ယေရှုသည် ဓမ္မဟောင်းပရောဖက်ပြုချက်ကို ခရစ်ယာန်နားလည်မှုအတွက် အနက်ဖွင့်ခြင်းဆိုင်ရာဗဟိုဖြစ်လာခဲ့သည်။

ပရောဖက်များအားအနက်ပြန်ဆိုချက်သည် ခရစ်တော်ဗဟိုပြု ဖြစ်ရမည်ဟု ယေရှုကိုယ်တိုင် အခိုင်အမာပြောခဲ့သည်။ ကိုယ်တော်သည် မိမိ၏တပည့်တော်များနှင့် စကားပြောဆိုနေစဉ် ဧမောက်မြို့သို့သွားသည့်လမ်းတွင် ခရစ်တော်ဗဟိုပြု အနက်ဖွင့်ဆိုခြင်း၏ အရေးကြီးမှုကို အလေးပေးဖော်ပြခဲ့သည်။ လုကာ ၂၄:၂၅-၂၆ တွင်၊ ယေရှုက ဤစကားများကို မိန့်တော်မူသည်–

> ကိုယ်တော်ကလည်း၊ ပရောဖက်ဟောပြောသောစကားများကိုယုံနိုင်အောင် ဉာဏ်မရှိ၊ စိတ်ခိုင်မာသောသူတို့၊- ခရစ်တော်သည် ဤသို့ပင် အသေခံ၍ မိမိဘုန်းစည်းစိမ်တော်ကို ဝင်စားရမည်မဟုတ်လောဟု မိန့်တော်မူ၏ (လုကာ ၂၄:၂၅-၂၆)။

ဓမ္မဟောင်းပရောဖက်ပြုချက်များ၏ ပြည့်စုံမှုအဖြစ် သူ၏နောက်လိုက်များသည် သူ့ကိုမြင်ရန် ယေရှုမျှော်လင့်ခဲ့သည်။ ဤအကြောင်းကြောင့်၊ နောက်အခန်းငယ်၊ လုကာ ၂၄:၂၇ သည်ဤအကြောင်းကို ပြောပြပါသည်။

> ထိုအခါ မောရှေ၏ကျမ်းစာမှစ၍ ပရောဖက်တို့၏ ကျမ်းစာများ၌ ကိုယ်တော်ကိုရည်မှတ်၍ ရေးထား သမျှသော ကျမ်းစာချက်အနက်ကို ရှင်းလင်းစွာ ဘော်ပြတော်မူ၏ (လုကာ ၂၄:၂၇)။

လုကာ မည်သို့တင်ပြသည်ကို သတိပြုပါ — ယေရှုသည် *သူ့* အကြောင်းကို ပရောဖက်များအားလုံး ဖော်ပြကြောင်းကိုရှင်းပြခဲ့သည်။ ထို့ကြောင့် ဓမ္မသစ်ကျမ်းရေးသူများသည် ပရောဖက်ပြုချက်၏မူလမျှော်လင့်ချက်များ၏ အရေးကြီးပုံကို အတည်ပြုခဲ့ကြသည်။ သို့သော် သူတို့သည် ထိုပရောဖက်ပြုချက်များကို ခရစ်တော်၏ပုဂ္ဂိုလ်နှင့်လုပ်ဆောင်မှုတို့နှင့်လည်း ဆက်စပ်ပြောဆိုခဲ့ကြသည်။

မူလအားဖြင့်၊ ဓမ္မဟောင်းကျမ်းပရောဖက်များသည် မျှော်လင့်ချက်လမ်းကြောင်းကို သတ်မှတ်ခဲ့ကြသည်။ ကြီးစွာသော တရားစီရင်ခြင်းနှင့် ကောင်းချီးမင်္ဂလာ၏ အနာဂတ်ကာလ ရောက်ရှိလာတော့

မည်ဖြစ်သည်။ ယခု ဓမ္မသစ်ကျမ်းသည် ထိုလမ်းကြောင်းကိုယူ၍ အနာဂတ်သို့ ခြေရာခံကာ ခရစ်တော်၏ ပထမဆုံးကြွလာခြင်း၊ ယနေ့ ကိုယ်တော်၏နိုင်ငံတော်နှင့် ခရစ်တော်ဘုန်းအသရေဖြင့် ပြန်လည်ကြွလာခြင်း၊ ဤလောက၏အဆုံး၌ ပြည့်စုံလာမှုကို တွေ့ရှိရသည်။

ဤအခန်းဆက်ဆောင်းပါးများတွင် နောက်ပိုင်းတွင် ကျွန်ုပ်တို့တွေ့ရမည့်အတိုင်း၊ ခရစ်တော်သည် မိမိ၏နိုင်ငံတော်၏ဤအဆင့်သုံးဆင့်တွင် ဓမ္မဟောင်းပရောဖက်ပြုချက်ဆိုင်ရာ မျှော်လင့်ချက်အားလုံးကို ပြည့်စုံစေခဲ့ကြောင်း ဓမ္မသစ်ကျမ်းကရှင်းပြသည်။ လွန်ခဲ့သောနှစ်ပေါင်းနှစ်ထောင်က ကိုယ်တော်၏ မြေကြီးဓမ္မအမှုတော်ဖြစ်သော မိမိ၏နိုင်ငံတော် စတင်တည်ထောင်ချိန်၌ များစွာပြီးမြောက်ခဲ့သည်။ ကိုယ်တော်သည် အသင်းတော်သမိုင်းတစ်လျှောက် သူ၏နိုင်ငံတော် ဆက်လက်တည်မြဲရေးအတွက် ဓမ္မဟောင်းမျှော်လင့်ချက်များကို ဆက်လက်ပြည့်စုံစေခဲ့သည် ။ နောက်ဆုံးတွင်၊ ခရစ်တော်သည် ပြန်လာ၍ သူ၏နိုင်ငံတော် ပြီးပြည့်စုံသောအခါတွင် ပရောဖက်ပြုချက်အားလုံးကို ပြည့်စုံစေမည် ဖြစ်သည်။ ခရစ်တော်၏အမှုတော်၏ ဤအဆင့်သုံးဆင့်က ဓမ္မသစ်ကျမ်းရေးသူများအား အနက်ဖွင့်ခြင်းဆိုင်ရာပုံစံငယ်တစ်ခုဖြင့် ပံ့ပိုးပေးခဲ့ပြီး၊ ဤပုံစံဖြင့်သူတို့သည် ဓမ္မဟောင်းပရောဖက်များ၏ မျှော်လင့်ချက်များအားလုံးကို သူတို့ခေတ်တွင် လက်တွေ့ကျင့်သုံးနိုင်ခဲ့ကြသည်။

ခရစ်တော်၏နောက်လိုက်များအနေနှင့် ဓမ္မဟောင်းပရောဖက်ပြုချက်၏ မျှော်လင့်ချက်များနှင့် ပတ်သက်၍ မည်သို့ခံယူရမည်ကိုလည်းကောင်း၊ ခရစ်တော်၏ပထမကြွလာခြင်း၊ ကိုယ်တော်၏ နိုင်ငံတော်ဆက်လက်တည်ရှိခြင်းနှင့် ဒုတိယအကြိမ်ကြွလာခြင်းတို့နှင့် မည်သို့သက်ဆိုင်သည်ကို လည်းကောင်း သင်ယူရမည်ဖြစ်သည်။

# နိဂုံး

ဤနိဒါန်းသင်ခန်းစာတွင် ဓမ္မဟောင်းပရောဖက်ပြုချက်အားလုံးကို လမ်းညွှန်ပေးမည့် အကြောင်းအရာလေးခုကို ကျွန်ုပ်တို့လေ့လာခဲ့ကြပါသည်။ အနက်ဖွင့်ခြင်းဆိုင်ရာ အခြေခံရှုထောင့်သုံးခုအပေါ်အာရုံစိုက်ခြင်းဖြင့် သမ္မာကျမ်းစာ၏ဤအပိုင်းနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့၏ရှုပ်ထွေးမှုကို ကျော်လွှားရပါမည်။ ကျွန်ုပ်တို့သည် ပရောဖက်များ၏အတွေ့အကြုံများအကြောင်း လေ့လာရမည် ဖြစ်ပြီး၊ ပရောဖက်ပြုချက်၏မူလအဓိပ္ပာယ်၏ အရေးပါမှုကို ထပ်မံအတည်ပြုရမည်ဖြစ်သည်။ ထို့နောက် ပရောဖက်ပြုချက်နှင့် ပတ်သက်သည့် ဓမ္မသစ်ရှုထောင့်များကို မည်သို့လိုက်နာရမည်ကို ကျွန်ုပ်တို့ လေ့လာရမည်ဖြစ်သည်။

နောက်ဆက်တွဲသင်ခန်းစာများတွင်၊ ဤအနက်ဖွင့်ခြင်းဆိုင်ရာ အခြေခံရှုထောင့်သုံးခုကို ပို၍လေ့လာကြပါမည်။ ဦးစွာ၊ ပရောဖက်တစ်ဦး၏ အတွေ့အကြုံကိုလေ့လာမည်၊ ထို့နောက် မူလအဓိပ္ပာယ်၏ အရေးပါပုံကို လေ့လာပါမည်။ နောက်ဆုံးတွင်၊ ဓမ္မသစ်ကျမ်းရေးသူများသည် ဓမ္မဟောင်းပရောဖက်ပြုချက်ကို မည်သို့ကိုင်တွယ်ဖြေရှင်းသည်ကို ပို၍စေ့စေ့စပ်စပ်လေ့လာပါမည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤအကြောင်းအရာအမျိုးမျိုးကို ကျွန်ုပ်တို့ကြည့်ရှုသောအခါ၊ အသင်းတော်အား တည်ဆောက်ပြီး ဘုရားသခင်၏ ဘုန်းထင်ရှားစေမည့် ပရောဖက်ပြုချက်ဆိုင်ရာ ရှုမြင်ချက်ကို ကျွန်ုပ်တို့ တွေ့ရှိမည် ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။